BURMESE WOMEN'S UNION



# အမျိုးသမီးများဆိုင်ရာ သတင်းသုံးသပ်ချက်စာတမ်း

## ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလထိ

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ၊ ၉ ရက်

# ၁ အနှစ်ချုပ်

အာဏာသိမ်းရန် ကြိုးပမ်းနေသည့် အကြမ်းဖက်စစ်တပ်၏လက်အောက် ၂၀၂၃ တစ်နှစ်တာအတွင်း ၎င်းတို့သည် လက်နက်ကြီးဖြင့်ပစ်ခတ်ခြင်း၊ လေကြောင်းထိုးစစ်ဆင်ခြင်း၊ အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်း၊ ဖုံးကွဲတိုက်ခိုက်ခြင်း၊ လူသားဒိုင်းပြုလုပ်ခြင်းများနှင့် အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုလုပ်ရပ်များကို ရည်ရွယ်ချက်ရှိရှိ ဆက်လက်လုပ်ဆောင်ခဲ့သည်။ ထိုကဲ့သို့သော နည်းလမ်းမျိုးစုံအသုံးပြု၍ အမျိုးသမီးများအပါအဝင် ပြည်သူလူထုအားဖိနှိပ်ရန် ကြိုးပမ်းနေသော်လည်း ယနေ့ချိန်တွင် ၎င်းတို့၏ တနိုင်ငံလုံးအတိုင်းအတာ ထိန်းချုပ်နိုင်မှု ဆုတ်ယုတ်လာသည်ကို တွေ့ရှိရသည်။ ၎င်းတို့၏ ထိန်းချုပ်နိုင်မှုစွမ်းအား ကျဉ်းမြောင်းလာသည်နှင့်အမျှ ပြည်သူလူထုအား ပစ်မှတ်ထားတိုက်ခိုက်မှုများ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလုပ်ဆောင်လာသည်။ ထို့ကြောင့် ပြည်တွင်းနေရပ်ရွှေ့ပြောင်း စစ်ဘေးရှောင်ဦးရေမှာလည်း တိုးလာလျှက်ရှိသည်။

နိုင်ငံရေး၊ စစ်ရေး၊ လူမှုရေးနှင့် စီးပွားရေးစသည့် အဘက်ဘက်က ပြိုလဲယိုယွင်းနေသည့်အခြေအနေများအောက်တွင် အထူးသဖြင့်အမျိုးသမီးများ ပိုမိုဆိုးရွားစွာကြုံတွေ့နေရသည်။ ချေးငွေယူ၍ လတ်တလော ဖြေရှင်းမှုများတွင် အတိုးပေါ်အတိုးဆင့်ကာ အကြွေးသံသရာလည်နေကြရသည့် အခြေအနေများလည်း ကြုံတွေ့နေရသည်။ မျိုးစုံသောအခက်အခဲများနှင့် ကြပ်တည်းမှုများကြောင့် လူလတ်ပိုင်းနှင့် လူငယ်အမျိုးသမီးများ ပြည်ပသို့ တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ အလုပ်အကိုင်သွားရောက် ရှာဖွေလာကြရသည်။ ယခင်က သွားရောက်မှုနည်းပါးသော အရှေ့အလယ်ပိုင်းရှိ အီရတ်နိုင်ငံကဲ့သို့သော နိုင်ငံများတွင်ပါ သွားရောက်ကြရာတွင် မုဒိမ်းပြုကျင့်ခံရခြင်းများအပါအဝင် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများနှင့် ရင်ဆိုင်နေကြရသည်။

ပြည်တွင်း၌လည်း အဘက်ဘက်မှ လုံခြုံမှုကင်းမဲ့နေသည့်အခြေအနေအောက်တွင် ရေးရိုးစွဲအယူအဆများဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ခွဲခြားဆက်ဆံမှုများ ကျယ်ကျယ်ပြန့်ပြန့် ရှိနေဆဲဖြစ်သည်။

သို့သော်လည်း အမျိုးသမီးအင်အားစုများ၏ အကြမ်းဖက်စစ်တပ်အား ဖြိုချရေးအပါအဝင် ဖိုဝါဒလွှမ်းမိုးမှုကို တိုက်ထုတ်နေသည့်တိုက်ပွဲများသည် ကြံ့ကြံ့ခိုင်အားကောင်းနေဆဲဖြစ်သည်။ အမျိုးသမီးအခွင့်အရေးနှင့် ပတ်သက်လာလျှင် အမျိုးသမီးအင်အားစုများမှလွဲ၍ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှု အားနည်းနေဆဲဖြစ်သည်။

မြန်မာ့အမျိုးသမီးသမဂ္ဂအနေဖြင့် ၂၀၂၃ တစ်နှစ်တာအတွင်း အမျိုးသမီးများ နိုင်ငံရေးလှုပ်ရှားမှုအခြေအနေ၊ လုံခြုံရေးအခြေအနေ၊ စီးပွားရေးအခြေအနေနှင့် စစ်ပဋိပက္ခအတွင်းမှ အမျိုးသမီးများ၏ အခြေအနေများကို အနှစ်ချုပ်သုံးသပ်တင်ပြသွားပါမည်။

ယခုသုံးသပ်ချက်တွင်ပါရှိသော အကြောင်းအရာ၊ အချက်အလက် ကိန်းဂဏာန်းများသည် နိုင်ငံရေး အကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ) ၏ ထုတ်ပြန်ချက်များနှင့် ခိုင်လုံသော သတင်းမီဒီယာများမှ ထုတ်ဖော်ရေးသားသည့် အချက်အလက်များအပေါ်အခြေခံ၍ မြန်မာ့အမျိုးသမီးသမဂ္ဂမှစုစည်းကာ ပြန်လည် ကောက်နုတ်သုံးသပ်ထားခြင်းဖြစ်သည်။ လက်တွေ့မြေပြင်အခြေအနေတွင် သတင်းအချက်အလက် စီးဆင်းမှုများ၌ ကန့်သတ်မှုများရှိနေသောကြောင့် မိမိတို့အနေဖြင့် လက်လှမ်းမီရန် အခက်အခဲရှိသည်ဖြစ်ရာ ကိန်းဂဏာန်းများသည် ယခုထက်ပိုမိုများပြားနိုင်ပါသည်။

# ၂ အမျိုးသမီးများအခြေအနေ

## ၂.၁။ အမျိုးသမီးများနှင့် နိုင်ငံရေးလှုပ်ရှားမှု အခြေအနေ

၂၀၂၃ ခုနှစ် တစ်နှစ်တာကာလအတွင်းတွင် အမျိုးသမီးတို့၏ နိုင်ငံရေးပါဝင်မှု အခန်းကဏ္ဍတစ်ခုဖြစ်သည့် စစ်အာဏာရှင်ဖြုတ်ချရေးအတွက် အကြမ်းမဖက်သပိတ်ချီတက်မှု မှေးမှိန်သွားခြင်းမရှိသည်ကို တွေ့ရှိရသည်။ ထားဝယ်ခရိုင်၊ လောင်းလုံမြို့နယ်တွင် နှင်းဆီရောင်အမျိုးသမီးသမဂ္ဂဦးဆောင်ကာ ‘ခေါင်းသွား၊ ကလောင်သွားထက် ထက်မြက်တာ အမျိုးသမီးတွေရဲ့ အစွမ်းပကားပဲရှိတယ်’ အစရှိသည့် ကြွေးကြော်သံမျိုးစုံဖြင့် ချီတက်ဆန္ဒထုတ်ဖော်ခဲ့ကြသည်။[1] အလားတူပင် စစ်ကိုင်းတိုင်းဒေသကြီးတွင် အခြေစိုက်သော အမျိုးသမီးအင်အားစုများမှလည်း “အောင်လံလွှင့်မည် ဒေါင်းသွေးနီ၊ ကယ်တင်ရှင်မရှာ ဒို့ကျေးရွာ၊ အောင်လံလွှင့်မည် ရွှေရည်ကြည်၊ သွေးမအေးတဲ့ ရွှေနှယ်သွေး” စသဖြင့် သပိတ်စစ်ကြောင်းများကို တစိုက်မတ်မတ် မရပ်မနား ဦးဆောင်လှုပ်ရှားခဲ့သည်။[2]

ထို့အပြင် အမျိုးသမီးများသည် လက်နက်ကိုင်လမ်းစဉ်မှတဆင့်လည်း စစ်အာဏာရှင်ဖြုတ်ချရေးအတွက် ရဲဝင့်စွာတိုက်ပွဲဝင်နေကြပြီး ၎င်းတို့အနက် ချင်းအမျိုးသားကာကွယ်ရေးတပ်ဖွဲ့မှ ချင်းအမျိုးသမီးတပ်ဖွဲ့ဝင်များသည် ရှေ့တန်းစစ်မြေပြင်၌ ရှုပ်ရှုပ်ချုံချုံတိုက်ပွဲဝင်ခဲ့ကြသည်များ[3]နှင့် မန္တလေးတိုင်းအား စိုးမိုးနိုင်ရန် မန္တလေးပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့မှ စစ်မေများသည်လည်း လူထုစည်းရုံးရေးများကိုလုပ်ဆောင်ရင်း တော်လှန်ရေးတွင် အင်တိုက်အားတိုက်ပါဝင်နေမှုများဖြစ်သည်။[4]

၂၀၂၃ ခုနှစ်အတွင်း ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှုများ ဆန့်ကျင်ရေးလှုပ်ရှားမှု (၁၆) ရက်တာလှုပ်ရှားမှုအား မြန်မာနိုင်ငံအတွင်းရှိ အမျိုးသမီးအစုအဖွဲ့များအပါအဝင် အဖွဲ့အစည်းအများအပြားနှင့် တသီးပုဂ္ဂလများလည်း နည်းမျိုးစုံဖြင့် ပါဝင်ခဲ့သည်ကို တွေ့ရှိရသည်။ ထိုလှုပ်ရှားမှုတွင် စစ်ဘေးရှောင်ပြည်သူများ၏ တက်ကြွစွာပါဝင်မှုကိုလည်း တွေ့မြင်ခဲ့ရသည်။ Kachin Gender Star Group မှ ဦးဆောင်၍ ကချင်ပြည်နယ် မိုင်ဂျာယန်မြို့အနီး၊ ပါကထောင်စစ်ဘေးရှောင်စခန်းရှိ အမျိုးသမီး (၃၀၀) ခန့်နှင့်အတူ နေရာ (၄) ခုတွင် ကျင်းပပြုလုပ်ခဲ့သည်။[5] ထို့အပြင် ထိုင်းနိုင်ငံ၊ မဲဆောက်မြို့တွင်လည်း ရွှေ့ပြောင်းလုပ်သား (၂၀၀) ခန့်သည် ၁၆ ရက်တာလှုပ်ရှားမှုတွင် ပါဝင်ခဲ့ကြသည်။[6] အလားတူပင် စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်တွင်လည်း အမျိုးသမီးမဟာမိတ်အင်အားစုအနေဖြင့် ၁၆

---

[1] Democracy Movement Strike Committee-Dawei, 29 Oct 2023
https://www.facebook.com/permalink.php?story_fbid=pfbid02Z8v6Gbq7CWzg18VX28c46vkuHpt1ZCaevRpDMCqrBTAzzVosXe74Amr3xXkCqrHsl&id=100069366962829

[2] Delta News Agency, 4 Oct 2023
https://www.facebook.com/deltanewsagency/posts/pfbid0w92KtULZm7fnfnQvsMFs5TarzrUJdTRo3bPFyZoZDEXa78yAad18KCa4JYEKu3mgl


[3] သံလွင်ခက်-Than Lwin Khet News, 5 Oct 2023
https://www.facebook.com/watch/?ref=saved&v=1449198572320288

[4] Burma VJ, 16 Sep 2023
https://www.facebook.com/bvjmedia/posts/pfbid0Tnr1bHDTyRpZ5ZDywskUi2fbgDGYEf1vo84ZjkxBTRPug6J4RPv2phz5eM3Z5oL4l

[5] Kachin Gender Star, 27 Nov 2023
https://web.facebook.com/100076940633095/posts/353508630557155/?_rdc=1&_rdr

[6] HI-Honest Information, 25 Nov 2023
https://web.facebook.com/100079788362744/posts/332211192781824/?mibextid=cr9u03&_rdc=1&_rdr

ရက်တာလှုပ်ရှားမှုသပိတ် ချီတက်ခဲ့ကြသည်။[7] အမျိုးသားညီညွတ်ရေးအစိုးရ၏ အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့်လည်း ၁၆ ရက်တာ လှုပ်ရှားမှုအား ပြည်တွင်းပြည်ပမဟာမိတ်များနှင့် ပူးတွဲကျင်းပမှုများ ပြုလုပ်ခဲ့သည်ကိုတွေ့ရှိရသည်။ အထူးသဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခဲ့သည်ကို တွေ့ရှိရသည်။[8]





## ၂.၂။ အမျိုးသမီးများ၏ လုံခြုံရေးအခြေအနေ

၂၀၂၃ ခုနှစ်အတွင်းတွင် အမျိုးသမီးတို့၏ လုံခြုံရေးအခြေအနေမှာ ပိုမိုဆိုးရွားနေသည်ကို တွေ့ရှိရသည်။ မြန်မာနိုင်ငံတစ်ဝှမ်းလုံး၌ အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများအပါအဝင် လူ့အခွင့်အရေး ချိုးဖောက်မှုများ နေရာအနှံ့ ဖြစ်ပွားလျှက်ရှိသည်။ ထိုသို့သော လူ့အခွင့်အရေးချိုးဖောက်ခံရမှုများတွင် အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများသည်လည်း အမြဲမပြတ်ပါဝင်နေသည်။ ပဋိပက္ခကာလအတွင်း ဖြစ်ပေါ်နေသော အမျိုးသမီးများအပေါ် လိင်အကြမ်းဖက်မှုများသည် အကြမ်းဖက်စစ်တပ်ကသာလျှင် ကျူးလွန်နေခြင်းမဟုတ်ဘဲ တော်လှန်ရေးအစုအဖွဲ့များ၊ တဦးချင်းစီကပါ ကျူးလွန်နေသည်ကို တွေ့ရှိရသည်။

---

[7] Khit Thit Media, 4 Dec 2023
https://web.facebook.com/100066528465996/posts/710058167888459/?mibextid=cr9u03&_rdc=1&_rdr

[8] Ministry of Women, Youth and Children Affairs, 9 Dec 2023.
https://web.facebook.com/mowyca/posts/pfbid02thKK8ziR1ttpbxqzFkeRQ33DHLC3b5DAFNPru6Giu8n6QqB7rxNRcgXx7uoZb6T6l




စစ်ရေးအရှိန်မြင့်တက်လျှက်ရှိသော ရခိုင်ပြည်နယ်တွင် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာမှ အောက်တိုဘာ ၁၉ ရက်နေ့အထိ ၄၉ ရက်အတွင်း သက်ငယ်မုဒိမ်းမှုများအပါအဝင် မုဒိမ်းမှု (၇) ခုထိရှိခဲ့ကြောင်း သိရှိရသည်။[9] ထိုဖြစ်ပွားမှုများအတွင်း ကျူးလွန်ခံရသူများသည် ကလေးသူငယ်များအပြင် စိတ်ရောဂါဝေဒနာ ခံစားနေရသူများပါပါဝင်ကာ ကျေးလက်ဒေသမှ အများဆုံးဖြစ်ကြောင်း သိရှိရသည်။

တဖက်တွင်လည်း နိုင်ငံရေးနှင့်ဆက်နွယ်သည်ဟူသော စွပ်စွဲချက်များဖြင့် ဖမ်းဆီးထိန်းသိမ်းခံရသည့် အမျိုးသမီးများလည်း အများအပြားရှိခဲ့သည်။ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ) ၏ စာရင်းအပေါ်အခြေခံ၍ မြန်မာ့အမျိုးသမီးသမဂ္ဂ၏ အချက်အလက်များ ပြန်လည်စုစည်းချက်အရ ၂၀၂၃ ဇန်နဝါရီ (၁) ရက်မှ ဒီဇင်ဘာ (၃၁) ရက်အထိ ဖမ်းဆီးထိန်းသိမ်းခံနေရဆဲဖြစ်သည့်အမျိုးသမီး စုစုပေါင်း (၅၄၁) ဦးအထိ ရှိခဲ့သည်။ ထိုကဲ့သို့ အကြမ်းဖက်စစ်တပ်၏ ဖမ်းဆီးထိန်းသိမ်းခြင်းခံနေရသော အမျိုးသမီးများမှာ လူမှုကွန်ယက်စာမျက်နှာတွင် သတင်းမှားဖြန့်ဝေသည်ဟူသောစွပ်စွဲချက်ဖြင့် ဖမ်းဆီးခံရမှုမှာ အများဆုံးဖြစ်သည်ကိုတွေ့ရှိရသည်။ ထို့အပြင် အမျိုးသားညီညွတ်ရေးအစိုးရ၊ တော်လှန်ရေးအစုအဖွဲ့များနှင့် တော်လှန်ရေးတပ်ဖွဲ့တို့နှင့် ဆက်နွယ်မှုရှိသည်ဟူသည့် စွပ်စွဲချက်များဖြင့်လည်း ဖမ်းဆီးခံရသည်ကို မှတ်တမ်းတင်တွေ့ရှိရသည်။ ၂၀၂၃ ခုနှစ်အတွင်း အကြမ်းဖက်စစ်တပ်၏ ဖမ်းဆီးထိန်းသိမ်းခြင်းခံရသည့် အမျိုးသမီးများအနက် မန္တလေးတိုင်းဒေသကြီးမှ အမျိုးသမီးများ အများဆုံးဖြစ်သည်ကို တွေ့ရှိရသည်။

[9] Western News, 19 Oct 2023
https://www.facebook.com/westernnewsagency/posts/pfbid02mKW46kD3C4Wdg7rLEaQGQtQ3b1qDDkGMFDw99bTcs7VKZjA21h1jhFMJLb6UZB7ml

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ (၁) ရက်မှ ဒီဇင်ဘာ (၃၁) ရက်အထိ တစ်နှစ်တာကာလအတွင်းတွင် သေဆုံးသူ အမျိုးသမီး ပေါင်း (၃၉၂) ဦးရှိခဲ့ပြီး ပြစ်ဒဏ်ချမှတ်ခံရသူပေါင်း (၃၁၈) ဦးအထိရှိခဲ့သည်။ သေဆုံးသူအမျိုးသမီး အရေအတွက် များတွင် လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးသူ စုစုပေါင်း (၁၃၀) ဦး၊ လက်နက်ကြီးကျရောက်ပေါက်ကွဲမှု ကြောင့်သေဆုံးသူ (၁၄၇) ဦး၊ ဗုံးပေါက်ကွဲမှုကြောင့်သေဆုံးသူ (၁) ဦး၊ အကြမ်းဖက်စစ်တပ်၏ ဖမ်းဆီးခံရစဥ် အတွင်းသေဆုံးသူ (၂၀) ဦး၊ မြေမြှုပ်မိုင်းကြောင့်သေဆုံးသူ (၁) ဦး၊ အကြမ်းဖက်စစ်တပ်၏ ကိုယ်ထိလက်ရောက် နှိပ်စက်မှုကြောင့် သေဆုံးရသူ (၁) ဦး၊ မုဒိမ်းကျင့်၍ သတ်ခံရသူ (၃)ဦး၊ မီးရှို့သတ်ဖြတ်မှုကြောင့်သေဆုံးသူ (၃၅) ဦး၊ အကြမ်းဖက်စစ်တပ်၏ ပစ်သတ်မှုကြောင့်သေဆုံးရသူ (၄၇) ဦး၊ နှင့် ဦးခေါင်းတွင်ပစ်ခံရသူ (၅) ဦးတို့ပါဝင်သည်။ ပြစ်ဒဏ်ချမှတ်ခံရသူနှင့် သေ ဆုံးသူအမျိုးသမီးများကို ကြည့်ပါက စစ်ကိုင်းတိုင်းဒေသကြီးမှ အများဆုံးဖြစ်သည်ကို တွေ့ရှိရသည်။

မိမိတို့၏ အချက်အလက်စုဆောင်းချက်များအရ အကြမ်းဖက်စစ်တပ်၏ မတရားဖမ်းဆီးထိန်းသိမ်းခြင်းခံရသည့် နိုင်ငံရေးအကျဥ်းသူ အမျိုးသမီးများ၏ ကျန်းမာရေး၊ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ အခြေအနေများသည် အဆိုးဝါးဆုံး အနေအထားတွင်ရှိနေပြီး အခြေခံကျန်းမာရေး စောင့်ရှောက်မှုပင် လုံလောက်စွာ ရရှိနေခြင်းမရှိပေ။

## ၂.၃။ အမျိုးသမီးနှင့် စီးပွားရေးအခြေအနေ

အမျိုးသမီးများအပါအဝင် မြန်မာပြည်သူလူထုသည် မြန်မာနိုင်ငံအတွင်း စီးပွားရေးအကြပ်အတည်း ရိုက်ခတ်မှုကို အပြင်းအထန် ရင်ဆိုင်ကြုံတွေ့နေကြရသည်။

ရန်ကုန်တိုင်း အထည်ချုပ်စက်ရုံများရှိ အလုပ်သမများသည် လုပ်ခလစာအပြည့်အဝမရရှိခြင်း၊ အချိန်ပိုကြေးများ အား အလုပ်ရှင်မှခေါင်းပုံဖြတ်ခြင်းစသည့် အလုပ်သမားအခွင့်အရေးများကို ချိုးဖောက်ခံနေကြရကြောင်း သိရှိရ သည်။ လုပ်ငန်းရှင်အများစုသည် သတ်မှတ်ထားသည့် အထည်အရေအတွက် ချုပ်မပေးနိုင်ပါက တစ်နေ့တာလုပ် အားခဖြစ်သည့် ကျပ် ၄,၈၀၀ ထဲမှ ဖြတ်တောက်ခြင်း၊ အခကြေးငွေမပေးဘဲ အချိန်ပိုဆင်းခိုင်းခြင်း၊ လုပ်သက်သုံး လပြည့်သွားသော်ငြား အချိန်ပြည့်ဝန်ထမ်းအဖြစ် ဥပဒေပါအတိုင်း မပြောင်းပေးခြင်းစသော အလုပ်သမားအခွင့်အ ရေးများကို ပုံစံမျိုးစုံနှင့် ချိုးဖောက်နေကြသည်ဟု သိရှိရသည်။[10]

ပြည်သူများသည် စားဝတ်နေရေးကြပ်တည်းမှုကြောင့် ပုံမှန်ထမင်းနပ်မှန်ရန်အတွက်ပင် ခက်ခဲစွာ ရုန်းကန်နေရ သည်။ အချို့မှာ ကိုယ်တွင်းအင်္ဂါများ ထုတ်ရောင်းကာ ငွေကြေးပြဿနာ ဖြေရှင်းရန် စဥ်းစားလာကြသည်။

ကိုယ်တွင်းအင်္ဂါရောင်းဝယ်မှု အကျိုးတော်ဆောင်တစ်ဦးမှလည်း သူ၏ပွဲစားသက်တမ်း ၁၀ နှစ်တာကာလအတွင်း အာဏာသိမ်းပြီး ခြောက်လကျော်နောက်ပိုင်း၌ ကိုယ်တွင်းအင်္ဂါရောင်းချသူများ နှစ်ဆပိုများလာသည်ဟု ဆိုသည်။ ကိုယ်တွင်းအင်္ဂါရောင်းချမှုဈေးကွက်တွင် ကျောက်ကပ်တစ်လုံး၏ လက်ရှိပေါက်ဈေးသည် မြန်မာကျပ်ငွေသိန်း ၇၀

---

[10] The Irrrawaddy- Burmese Edition, 7 Oct 2023
https://burma.irrawaddy.com/article/2023/10/07/375142.html?fbclid=IwAR23oyBHXeLJqfv3c26XJmHFun6VmW79hfmGUkN1twTvSbPtmFiAumh7o_8

နီးပါးရှိနေသည့်အတွက်  ကာယကံရှင်များအနေဖြင့် မိမိ၏အခက်အခဲနှင့် ယှဉ်ထိုးလာပါက နောက်ဆက်တွဲဖြစ်လာနိုင်သည့် ကျန်းမာရေးပြဿနာများကို ထည့်သွင်းစဉ်းစားနိုင်ခြင်းမရှိတော့ဘဲ လတ်တလောပြဿနာများ ပြေလည်ရေးကိုသာ ဦးစားပေးဖြေရှင်းနေရသည့် အခြေအနေများကို တွန်းပို့နေခဲ့သည်။

ထိုကဲ့သို့ ပြည်တွင်း၌ ကိုယ်တွင်းအင်္ဂါရောင်းချမှုကဲ့သို့သော ဆိုးရွားလှသည့်အခြေအနေများ ရင်ဆိုင်နေကြရသည်သာမက အမျိုးသမီးငယ်များနှင့် လူလတ်ပိုင်းများသည်လည်း ပြည်ပသို့ စွန့်စားထွက်ခွာနေကြသည်။ အဖက်ဖက်မှယိုယွင်းနေပြီး မလုံခြုံသည့်နိုင်ငံအခြေအနေတွင် ပြည်ပ၌ အလုပ်အကိုင်ထွက်ခွာရှာဖွေခြင်းသည် လွတ်ရာလမ်းစတစ်ခုအဖြစ် မှတ်ယူကြသည်။ ယခင်က စင်္ကာပူ၊ မလေးရှား၊ ထိုင်းအစရှိသည့် အရှေ့တောင်အာရှနိုင်ငံများကိုသာ သွားရောက်လုပ်ကိုင်နေရာမှ ၂၀၂၂ နောက်ပိုင်းကာလများတွင် အရှေ့အလယ်ပိုင်းဒေသများကိုပါ သွားရောက်အလုပ်လုပ်ကိုင်မှု များပြားလာသည်။ ထိုသို့လုပ်ကိုင်ရာတွင် နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် အားကောင်း၍ ထိရောက်သည့် ဥပဒေများမရှိသဖြင့် တာဝန်ယူ၊ တာဝန်ခံမှုများကင်းမဲ့ကာ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်နေရသည့် မြန်မာအမျိုးသမီးများသည် ခေါင်းပုံဖြတ်၊ အမြတ်ထုတ်မှုများကို ပိုမိုခံနေကြရသည်။ နိုဝင်ဘာ ၂၉ ရက်တွင် ဒူဘိုင်း၌အလုပ်လုပ်ကိုင်ရန် ထွက်ခွာသွားသော မြန်မာအမျိုးသမီး ၆၀ ခန့်သည် အိုမန်နိုင်ငံသို့ ရောက်ရှိသွားသော်လည်း အလုပ်မရဘဲ အခန်းကျဉ်းတခုထဲ၌ စုပြုံနေထိုင်ရပြီး ထမင်းအနည်းငယ်ကို အချင်းချင်းမျှကာ စားသောက်ကြရသည်အထိ ဒုက္ခရောက်ကြရသည်။[11]

အချို့အမျိုးသမီးများသည် ပြည်ပနိုင်ငံများ၌ လိင်ပိုင်းဆိုင်ရာစော်ကားနှောင့်ယှက်မှုများနှင့် အဓမ္မပြုကျင့်ခံရမှုများကိုလည်း  ရင်ဆိုင်ကြရသည်ကိုတွေ့ရသည်။ အရှေ့အလယ်ပိုင်းဒေသနိုင်ငံဖြစ်သော အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အလုပ်လုပ်နေသည့် မြန်မာမိန်းကလေးတစ်ဦးသည် ၂၀၂၃ ခုနှစ် ဇွန်လတွင် မုဒိမ်းပြုကျင့်ခံခဲ့ရသည်။ သို့သော် အမှုဖွင့်ခွင့်မရရှိသည့်အပြင် ၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် လမ်းဘေးစွန့်ပစ်ခံလိုက်ရကြောင်း သိရှိရသည်။ အီရတ်နိုင်ငံ၊ ဘဂ္ဂဒက်မြို့တွင်ရှိသော အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီတစ်ခု၏ မန်နေဂျာသည် နိုင်ငံရပ်ခြားအမျိုးသမီးများကို ၎င်း၏နေအိမ်သို့ ခေါ်ဆောင်သွားမှုများရှိပြီး ထိုအမျိုးသမီးများထဲမှတစ်ဦးသည် အိမ်ရှင်၏ မုဒိမ်းပြုကျင့်ခြင်းကို (၃) ကြိမ်တိုင် ကျူးလွန်ခံရသည့်အပြင် ရိုက်နှက်နှိပ်စက်ခြင်းနှင့် သေနတ်ပြ၍ ခြိမ်းခြောက်ခြင်းကိုပါ ခံခဲ့ရကြောင်း သိရှိရသည်။[12]

တစ်နှစ်တာကာလအတွင်း နိုင်ငံတွင်းတွင် စီးပွားရေးကြပ်တည်းမှုကိုလည်း ပြည်လုံးကျွတ် ရင်ဆိုင်နေကြရသည်။ ငွေကြေးတန်ဖိုးကျဆင်းသွားမှုကြောင့် အခြေခံစားသောက်ကုန် ဆန်၊ ဆီ၊ ဆားမှအစ စက်သုံးဆီအဆုံး ကုန်စျေးနှုန်း နှစ်ဆမကမြင့်တက်လာမှုကလည်း အမျိုးသမီးများအတွက် ပိုမိုရိုက်ခတ်မှု ဖြစ်စေခဲ့သည်။ မကွေးတိုင်း၊ ပေါက်မြို့နယ်တွင်မူ ဆန်ပြတ်လပ်မှုကြောင့် ထမင်းအစားကြွေဥ စားသုံးသူများပါရှိနေသည်။

[11] Myanmar Labour News, 29 Nov 2023
https://web.facebook.com/myanmarlabournews/posts/pfbid0ExcrgCpr422wjxSoDheGinLyTKPG95CHpiuGUze6BDMbyHMtKuSyPQKYcKBLzoswl

[12] Highlight, 1 Oct 2023
https://www.facebook.com/highlightstoriesandvoices/posts/pfbid02NnTqwsGaoK26jBMs9HxegJ6fANYiJ4cBYbv6688Vo3BeXuNeG6ABuv4kqL8djhMQl

# ၃ စစ်ပဋိပက္ခအတွင်းမှ အမျိုးသမီးများ၏ အခြေအနေ

လက်ရှိကာလတွင် နိုင်ငံတစ်ဝှမ်းလုံး၌ စစ်မီးတောက်လောင်နေသည့် ကာလဖြစ်သည့်အားလျော်စွာ စစ်၏အနိဋ္ဌာရုံကို ခံစားနေကြရသည့် အမျိုးသမီးများအနေဖြင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေး ပြဿနာများ ကြုံတွေ့နေကြရသည်။ အကြမ်းဖက်စစ်တပ်သည် နိုင်ငံတကာစည်းမျဉ်း၊ ဥပဒေများအား ပြောင်ပြောင်တင်းတင်း ချိုးဖောက်ကာ လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်း၊ ဓာတုလက်နက်များအသုံးပြုခြင်းနှင့် ရွာလုံးကျွတ်မီးရှို့ခြင်းများကို ဆက်တိုက်ပြုလုပ်နေဆဲဖြစ်သည်။

၂၀၂၃ ခုနှစ်အတွင်း အရပ်သားများအပေါ် ဆိုးဝါးလွန်းသည့် တိုက်ခိုက်မှုမှာ အောက်တိုဘာလ ၉ ရက်၊ ညသန်းခေါင်ချိန် ဗုံးကြဲတိုက်ခိုက်ခံရမှုကြောင့် လိုင်ဇာမြို့အနီးရှိ မုန်လိုင်ခက် (Munglai Hkyet) စစ်ရှောင်စခန်းမှ အရွယ်မရောက်သေးသည့် ကလေးငယ် (၁၀) ဦး၊ အမျိုးသမီး (၁၅) ဦးနှင့် အမျိုးသား (၃) ဦး စုစုပေါင်း အရပ်သားပြည်သူ (၂၉) ဦး သေဆုံးခဲ့ရသည်။[13] အလားတူပင် စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ် ပဇီကြီးကျေးရွာ၌ဖြစ်ပွားမှု၊ ဖားကန့်မြို့ နယ် အနန့်ပါ၌ဖြစ်ပွားမှုနှင့် လက်ယက်ကုန်း၌ဖြစ်ပွားမှုများကဲ့သို့ အကြမ်းဖက်စစ်တပ်မှ ကျူးလွန်သည့် ရက်စက် ကြမ်းကြုတ်သော ဖြစ်ရပ်များလည်းရှိခဲ့သည်။[14] ၎င်းဖြစ်ပွားမှုများတွင် အမျိုးသမီးနှင့် ကလေးသူငယ်များ သေဆုံးမှု အများဆုံးဖြစ်သည်။ တော်လှန်ရေးကာလ ၂ နှစ်ခွဲအတွင်း လူဆယ်ဦးနှင့်အထက် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံ ရမှု (၂၂) ကြိမ်ရှိခဲ့သည်။ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရသည့် ဖြစ်ရပ်များတွင် စစ်ကိုင်းတိုင်းတွင် အများဆုံးဖြစ်ပွားပြီး အကြိမ်ပေါင်း (၁၄) ကြိမ်၊ ကချင်ပြည်နယ်တွင် သုံးကြိမ်နှင့် ဒုတိယအများဆုံးဖြစ်သည်။[15]

အကြမ်းဖက်စစ်တပ်သည် ကြောက်မက်ဖွယ်ကောင်းသည့် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများအပါအဝင် စစ်ရာဇဝတ်မှုများကို ဝေဟင်မှလည်းကောင်း၊ မြေပြင်မှလည်းကောင်း ကျူးလွန်လျက်ရှိသည်။ အောက်တိုဘာလလယ်မှ စ၍ အကြမ်းဖက်စစ်တပ်သည် စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ်၊ အနောက်ခြမ်းရွာများသို့ စီးနင်းတိုက်ခိုက်ကာ သက်ကြီးရွယ်အိုများပါမကျန် ခေါင်းဖြတ်သတ်မှုများ ကျူးလွန်ခဲ့သည်။ သတ်ဖြတ်ခံရသူ (၅) ဦးတွင် အနည်းဆုံး ရုပ်အလောင်း (၄) ခုသည် ဦးခေါင်းနှင့် ခြေလက်များ ဖြတ်တောက်ခံထားရကြောင်း၊ ပုပ်ပွနေသော ရုပ်အလောင်းများကို တောခွေးများ ကိုက်ချီစားသောက်ခဲ့သဖြင့် မည်သူမည်ဝါဆိုသည်ကို အတည်ပြုနိုင်ခြင်း မရှိသည်များကို တွေ့ရှိရသည်။

ဉာဏ်လင်းသစ် သုတေသနအဖွဲ့၏ စာရင်းထုတ်ပြန်ချက်အပေါ်အခြေခံ၍ မြန်မာ့အမျိုးသမီးသမဂ္ဂ၏ အချက်အလက်ပြုစုချက်များအရ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်မှ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်အထိ မြန်မာနိုင်ငံအတွင်း အကြမ်းဖက်စစ်တပ်နှင့် ဒေသခံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ၊ အကြမ်းဖက်စစ်တပ်နှင့် လူမျိုးစုတော်လှန်ရေးအင်အားစုများအကြား နှစ်ဖက်ရင်ဆိုင်ဖြစ်ပွားခဲ့သည့် တိုက်ပွဲပေါင်း (၂,၄၀၉) ကြိမ်ထိရှိခဲ့ပြီး ၂၀၂၃ ခုနှစ် ဖေ

---

[13] BNI-Myanmar Peace Monitor, 10 Oct 2023. WNR_Issue-125_MMR.pdf

[14] The 74 Media, 10 Oct 2023
https://www.facebook.com/The74Media/posts/pfbid02TrMdmx47qFztVHWKP2z54BCT2pw61eaWVfgsB5js27UL3Wgy44VBF2nC4jigLrnzl

[15] RFA-Burmese, 11 Oct 2023
https://www.facebook.com/rfaburmese/posts/pfbid0Lbu5SuDy3ERWWhe88utfzYMWt8W8btNvRXCk66pNBy2bR7VZvwDumiJPZHDagxJ7l

ဖော်ဝါရီ ၁၅ ရက်မှ နိုဝင်ဘာလ ၁၀ ရက်အထိ မြန်မာနိုင်ငံအတွင်း အကြမ်းဖက်စစ်တပ်ဘက်မှ ပြုလုပ်ခဲ့သည့် လေကြောင်းတိုက်ခိုက်မှု (၉၃၂) ကြိမ်အထိရှိခဲ့သည်။

Data for Myanmar ၏ထုတ်ပြန်ချက်အရ အကြမ်းဖက်စစ်တပ်၏ အာဏာသိမ်းရန် ကြိုးပမ်းမှုကာလအတွင်း အကြမ်းဖက်စစ်တပ်နှင့် လက်အောက်ခံအဖွဲ့အစည်းများသည် အရပ်သားနေအိမ် ရှစ်သောင်းနီးပါး (၇၆,၉၂၃) လုံးကို မီးရှို့ဖျက်ဆီးခဲ့သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၃၁ ရက်အထိ ခုခံစစ်ပြင်းထန်ခဲ့သော စစ်ကိုင်းတိုင်းမှနေအိမ် (၅၈,၃၉၇) လုံးနှင့် အများဆုံးမီးရှို့ဖျက်ဆီးခံခဲ့ရသည်။ မကွေးတိုင်းတွင် (၁၁,၅၄၀) လုံး၊ ချင်းပြည်နယ်တွင် (၁,၆၃၈) လုံးနှင့် ကျန်တိုင်းနှင့် ပြည်နယ်များတွင်လည်း မီးရှို့ဖျက်ဆီးခံခဲ့ရသည်။[16]

## ၄ စစ်ရှောင်များ အခြေအနေ

မြန်မာနိုင်ငံအတွင်း စစ်ပွဲများနေရာအနှံ့ ပြန့်နှံ့လာသည်နှင့်အမျှ စစ်ရှောင်လူဦးရေမှာလည်း အလျင်အမြန်တိုးများလာပြီး စစ်ရှောင်ဦးရေစုစုပေါင်း ၂ သန်းခွဲကျော်ရှိနေပြီဖြစ်သည်။ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဖော်ဆောင်နေသည့် မြောက်ပိုင်းမဟာမိတ်ညီနောင် ၃ ဖွဲ့၏ “၁၀၂၇ စစ်ဆင်ရေး” ၅ ရက်အတွင်း၌ပင် အိုးအိမ်စွန့်ခွာ ခိုလှုံနေကြရသည့် စစ်ရှောင် ၂ သောင်းကျော်အထိတိုးများခဲ့ပြီး စားနပ်ရိက္ခာနဲ့ အဝတ်အထည်များ လိုအပ်မှုရှိနေသည်။[17] ပြည်တွင်းပဋိပက္ခကြောင့် ရှမ်းပြည်နယ်၊ လောက်ကိုင်မြို့ရှိ နယ်စပ်ခြံစည်းရိုးဘက်ခြမ်းမှ တိုက်ပွဲများကြောင့် ထွက်ပြေးလာသူများကိုပါ တရုတ်အာဏာပိုင်များမှ မျက်ရည်ယိုဗုံးဖြင့် ပစ်ခတ်ခဲ့သည်။ ရှမ်းပြည်မြောက်ပိုင်း စစ်ပွဲများအကြား အမျိုးသမီးနှင့် ကလေးသေဆုံးမှု (၁၆) ဦးထိ ရှိခဲ့ပြီး ပိတ်မိနေသည့် စစ်ဘေးရှောင်များအတွက် အကူအညီများ အရေးပေါ် လိုအပ်နေလျက်ရှိသည်။[18]

၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့တွင်လည်း မတ္တရာမြို့နယ်အရှေ့ခြမ်းမှ ကင်းရွာတွင် တိုက်ပွဲပြင်းထန်နေသည့်အတွက် ဒေသခံ ၃၀,၀၀၀ ကျော် စစ်ဘေးရှောင်နေရသည်။[19] နိုဝင်ဘာလ ၄ ရက်နေ့တွင် မုံရွာတောင်နယ်တွင် အကြမ်းဖက်စစ်တပ်မှ လက်နက်ကြီးများဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့သောကြောင့် စစ်ဘေးရှောင် တစ်သောင်းဝန်းကျင် အကူအညီလိုအပ်လျှက်ရှိသည်။[20] နိုဝင်ဘာ ၁၃ ရက်၌ ရခိုင်ပြည်နယ်တွင်လည်း အကြမ်းဖက်စစ်တပ်နှင့် ရခိုင့်တပ်

---

[16] Data For Myanamar, 8 Nov 2023
https://web.facebook.com/story.php?story_fbid=786706563469331&id=100063899833953&mibextid=cr9u03&paipv=0&eav=AfalRi_On6PiPIuHU8LS0uWCMtRp7_bwW5_82N7G-slrCsegsKKYxRjFMp_XzI9G_Ng&_rdc=1&_rdr

[17] The Irrawaddy Burmese Edition, 5 Nov 2023
https://www.facebook.com/theirrawaddyburmese/posts/pfbid0kYWsghfsFHcaC9TuL9qtV4uVVAYaXAfadogYp4NpE8T9dGnrZ6TgWDsn4tVKK9NHl

[18] Ayeyarwaddy Times, 28 Nov 2023
https://web.facebook.com/ayeyarwaddytimes/posts/pfbid09FVdSx7H5MXZ66mJq4cEbvmtdjjbPXNG2e6b53tzY4oZsgXTDko94EvS3f2rhJW9l

[19] မြေလတ်အသံ, 22 Nov 2023
https://web.facebook.com/myaelattathan/posts/pfbid02oVzMSu6Pk3aRkjSWJt1E1kJJMVneNxcHFGHCVHG4WmJyD3z6c9jXHEiK5RZ5eGJml

[20] ဆီသို့-Towards, 6 Nov 2023

မတော် (AA) တို့ တိုက်ပွဲဖြစ်ပွားရာ ရွာလုံးကျွတ်တိမ်းရှောင်နေရသည့် ရသေ့တောင်မြို့နယ် ချိန်ခါလီနှင့် ဒုံးပိုက်ကျေးရွာသား နှစ်ထောင်ကျော်မှာ စားနပ်ရိက္ခာပြတ်လတ်မှုများရှိနေပြီး ၎င်းတို့ထဲတွင် ကလေးသူငယ်နှင့် မိန်းကလေးအများစုပါဝင်သည်ဟု သိရှိရသည်။ [21]

လက်ရှိတွင် ဆောင်းတွင်းကာလဖြစ်သည့်အတွက် အနွေးထည်နှင့် ခြုံစောင်များ စစ်ရှောင်စခန်း အားလုံးနီးပါးတွင် လိုအပ်လျှက်ရှိသည်။ မိုခါမုန်တိုင်းဒဏ်ကို အကြီးအကျယ်ခံခဲ့ရသည့် ရခိုင်စစ်ဘေးရှောင်စခန်းများတွင် စောင်၊ အနွေးထည်၊ ခြင်ထောင်၊ ဖျာစသည့်ပစ္စည်းများ အကြီးအကျယ်ပျက်စီးဆုံးရှုံးသွားခဲ့သဖြင့် ဆောင်းရာသီ ဝင်ရောက်လာသည့် နိုဝင်ဘာလမှစ,တင်ကာ ရာသီဥတုဒဏ်ကိုရင်ဆိုင်နေရပြီး အဆိုပါပစ္စည်းများရရှိရန် အရေးပေါ်အကူအညီ လိုအပ်နေသည်။ ခြုံစောင်များ အလုံအလောက်မရှိ၍ ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများ အဓိကအခက်အခဲဖြစ်နေကြရသည်။ [22]

စစ်ရှောင်စခန်းများတွင် အခြေခံ ကျန်းမာရေးစောင့်ရှောက်မှု မရရှိသည့်အခက်အခဲမှာလည်း ဆိုးဝါးလျှက်ရှိသည်။ အမျိုးသမီးများအနေဖြင့်လည်း လစဉ်သုံးများနှင့် အတွင်းခံဘောင်းဘီများ မလုံလောက်သည့် အခက်အခဲနှင့် ရင်ဆိုင်နေကြရသည်။

ကရင်နီပြည်တွင် ဖြစ်ပွားနေသည့် တိုက်ပွဲများ၊ အကြမ်းဖက်စစ်တပ်၏ စစ်ကြောင်းထိုးမှုများ၊ လမ်းပန်းဆက်သွယ်ရေးအခက်အခဲများနှင့် အကြမ်းဖက်စစ်တပ်၏ ဆေးဝါးသယ်ဆောင်ခွင့် ပိတ်ပင်ထားမှုများကြောင့် စစ်ရှောင်စခန်းများသို့ ဆေးဝါးများပို့ဆောင်နိုင်ရန် ခက်ခဲသည့်အတွက် ၅ နှစ်အောက် စစ်ရှောင်ကလေးငယ်များ ကာကွယ်ဆေးထိုးခွင့် မရရှိသည့်အခြေအနေများနှင့် ရင်ဆိုင်နေရသည်။ [23]

စစ်ရှောင်စခန်းအများစုသည် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို အားကိုးနေရသည့် အခြေအနေဖြစ်သည်။ သို့သော်လည်း စစ်ပဋိပက္ခ အပြင်းအထန်ဖြစ်ပွားနေခြင်းကြောင့် ခရီးသွားလာရေးနှင့် သယ်ယူပို့ဆောင်ရေးများ အဓိကအဟန့်အတားဖြစ်နေသောကြောင့် လိုအပ်သောနေရာများသို့ လူသားချင်းစာနာထောက်ထားမှုအကူအညီများရောက်ရှိမှု အားနည်းနေခြင်း၊ ငွေသားများဖြင့် ကူညီထောက်ပံ့ပေးမှုများကို လုပ်ဆောင်ရသော်လည်း ထိုငွေသားထုတ်ယူနိုင်ရန် ရာခိုင်နှုန်းအလိုက် အခကြေးငွေပေးဆောင်နေရမှု၊ ကုန်ဈေးနှုန်းအဆမတန်မြင့်တက်နေသည့်အတွက် ရရှိလာသော ငွေသားထောက်ပံ့မှုများဖြင့် အရေးပေါ်လိုအပ်ချက်များကို လုံလောက်စွာဝယ်ယူနိုင်မှုမရှိသည်ကို တွေ့မြင်နေရသည်။

---

https://www.facebook.com/SithoTowardsMedia/posts/pfbid02rYttoE1s9yzTGM6rpGdtgW6u9R9gVc9vEK8HpBhNhNgwAMASYQMP3LnDUXCupL3Wl

[21] Western News, 13 Nov 2023

https://www.facebook.com/westernnewsagency/posts/pfbid0MGnzFzDZSYxRRoQ951o9T15TLdaHAsVAbgUYfUnP4GRuASUR2wCUnCmM8qRaX98Pl

[22] Narinjara, 2 Nov 2023

https://www.facebook.com/narinjara.info/posts/pfbid02ufxzvV1JER8dmEF1CUs9CQ47X4LmGRGFhLPr7h7hPNnVMvGEh7XJyH3gZfSUS7mhl

[23] Kantarawaddy Times, 13 Nov 2023

https://www.facebook.com/KantarawaddyTimes/posts/pfbid023UYGprUvaYsD4bWLZus8yagXSHYTDqncdHjGswt65TB7oz7ZUsHMyN1WDKdQieMxl

## ၇ အနှစ်ချုပ်သုံးသပ်ချက်

၂၀၂၃ ခုနှစ်အတွင်းတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများသည် ပုံစံမျိုးစုံဖြင့် ယနေ့တိုင်ရှိနေဆဲဖြစ်သည်။ ထိုကဲ့သို့သော အကြမ်းဖက်မှုများကို ကျူးလွန်သူများသည် အကြမ်းဖက်စစ်တပ်က ကျူးလွန်သည်သာမက တော်လှန်ရေးလက်နက်ကိုင်အင်အားစုများနှင့် အရပ်သားများလည်းပါဝင်သည်။ အကြမ်းဖက်သူများ၏ အကြမ်းဖက်ကျူးလွန်မှုများကို ကြည့်ခြင်းအားဖြင့် ၎င်းတို့တွင် ဖိုဝါဒကြီးစိုးမှု အယူကြီးနေသည်ကို တွေ့မြင်ရသည်။ ထို့ကြောင့်လည်း ဖိုဝါဒကြီးစိုးမှုလွန်ကဲနေသည့် လူ့အသိုင်းအဝိုင်းတွင် အာဏာရှိသူများသည် ၎င်းတို့ထက်အာဏာနည်းသည်ဟု ယူဆရသည့်သူများအပေါ် အနိုင်ကျင့်စိုးမိုးခြင်းနှင့် အကြမ်းဖက်ခြင်းတို့ကို လုပ်ဆောင်လေ့ရှိသည်။ အလားတူပင် မြန်မာ့လူ့အသိုင်းအဝိုင်းတွင် အာဏာပါဝါတစုံတရာ ပိုင်ဆိုင်ထားသည့်မည်သူမဆို အမျိုးသမီးများအပေါ် အနိုင်ကျင့်စိုးမိုးခြင်းနှင့် အကြမ်းဖက်မှုများကို လုပ်ဆောင်နေမည်ဟု သုံးသပ်ရပါသည်။ ထို့ကြောင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ပပျောက်စေရေးအတွက် နိုင်ထက်စီးနင်းပြုကျင့်မှုများအား အားပေးအားမြှောက်ဖြစ်စေသည့် ဖိုဝါဒကြီးစိုးမှုအယူဝါဒများကိုပါ တွန်းလှန်တိုက်ထုတ်ရမည်ဖြစ်ပြီး ထိုသို့တိုက်ထုတ်ရာတွင် အမျိုးသမီးများသာမက လူသားအားလုံးတို့၏ တာဝန်ဖြစ်သည်။

အကြမ်းဖက်စစ်တပ်လက်အောက်တွင် တရားဥပဒေစိုးမိုးမှုမရှိသည့်အပြင် ဥပဒေမဲ့ရမ်းကားမှုများကိုသာ အစဉ်တစိုက် ပြုလုပ်နေသဖြင့် အမျိုးသမီးများအတွက် တရားဥပဒေအရကာကွယ်ပေးမှုများ မျှော်ကိုး၍မရနိုင်ပေ။ ထို့အပြင် အကြမ်းဖက်ခံရသူ အမျိုးသမီးများအတွက် လိုအပ်နေသော လူသားချင်းစာနာထောက်ထားမှု အကူအညီများအပြင် လိုအပ်သောဝန်ဆောင်မှုများရရှိရန် အလှမ်းဝေးနေဆဲဖြစ်သည်။ အကြမ်းဖက်စစ်တပ်၏ ပုံစံမျိုးစုံသောဖိနှိပ်မှုနှင့် လမ်းပန်းဆက်သွယ်ရေး အဖြတ်အတောက်များကြောင့်လည်း ဝန်ဆောင်မှုလိုအပ်နေသော အကြမ်းဖက်ခံရသူများထံ ဝန်ဆောင်မှုရောက်ရှိရန် အဟန့်အတားဖြစ်နေပေသည်။

၂၀၂၃ ခုနှစ် တစ်နှစ်တာ ကာလအတွင်း အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု၊ လေယာဉ်ဖြင့်ဗုံးကြဲမှု၊ ရပ်ရွာနေအိမ်မီးရှို့မှုအစရှိသည့် ဆိုးရွားလှသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို အကြမ်းဖက်စစ်တပ်မှ အကြိမ်ကြိမ်ကျူးလွန်ခဲ့သည်။ ၎င်းတို့အနေဖြင့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများကို ကျယ်ကျယ်ပြန့်ပြန့်ကျူးလွန်ခဲ့သည်။ ကြီးလေးသော စစ်ရာဇဝတ်မှုများကို ရည်ရွယ်ချက်ရှိရှိ ကျူးလွန်နေသည့် အကြမ်းဖက်စစ်တပ်သည် ပွင့်လင်းရာသီကာလတွင် ပိုမိုလုပ်ဆောင်လာနိုင်သည်။ ထို့အပြင် ယခင်စစ်အာဏာရှင်ဟောင်းများသုံးစွဲခဲ့သည့် ‘ဖြတ်လေးဖြတ်စီမံကိန်း’ များ ဆက်လက်လုပ်ဆောင်နေသဖြင့် ၂၀၂၃ ခုနှစ်နောက်ပိုင်းကာလများတွင် ဖုန်းလိုင်းနှင့် အင်တာနက်လိုင်း ဖြတ်တောက်မှုများ မြန်မာနိုင်ငံတဝန်း ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်နေခဲ့ပြီး ထိုဒေသများတွင် ၎င်းတို့၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်နိုင်ရန် စိန်ခေါ်မှုများစွာ ရှိနေမည်ဖြစ်သည်။ အကြမ်းဖက်စစ်တပ်၏ သမိုင်းအစဉ်အလာအရ ဖုန်းလိုင်းနှင့် အင်တာနက်လိုင်းများ ဖြတ်တောက်သည့်ဒေသများတွင် လူ့အခွင့်အရေးချိုးဖောက်မှုများကို တွင်တွင်ကျယ်ကျယ် လုပ်ဆောင်လေ့ရှိသည့်အတွက် အထူးစိုးရိမ်ဖွယ်ရာ အခြေအနေဖြစ်သည်။

အကြမ်းဖက်စစ်တပ်သည် ၎င်းတို့အာဏာသိမ်းယူမှု အောင်မြင်နိုင်ရေးအတွက် ပုံစံမျိုးစုံဖြင့် အင်အားအလွန်အကျူးသုံး၍ စစ်အာဏာရှင်တော်လှန်သူများအား ချေမှုန်းတိုက်ခိုက်နေသော်လည်း ယနေ့ချိန်ထိ အာဏာသိမ်းယူနိုင်စွမ်းမရှိပေ။ အာဏာသိမ်းရန် ကြိုးပမ်းမှုကာလ ကြာရှည်လာသည်နှင့်အမျှ စစ်အုပ်စုအနေဖြင့် တော်လှန်ရေးအဖွဲ့များ၏ ထိုးစစ်ဆင်မှုများနှင့် ထိန်းချုပ်နိုင်မှုများအား လျှော့ချနိုင်ရန်မှာ ၎င်းတို့အတွက် ကြီးမားသည့် စိန်ခေါ်မှုတခုဖြစ်နေသည်ဟု သုံးသပ်သည်။

အချုပ်အားဖြင့် ၂၀၂၃ ခုနှစ်သည် မြန်မာနိုင်ငံသားများအတွက် ဆိုးရွားခက်ခဲကြမ်းတမ်းသည့် ခုနှစ်တခုဖြစ်သော်လည်း လက်ရှိတွင် အကြမ်းဖက်စစ်တပ်အား တော်လှန်ရေးအဖွဲ့များမှ ဟန်ချက်ညီညီထိုးစစ်ဆင်မှုများ လုပ်ဆောင်နေသဖြင့် အကြမ်းဖက်စစ်တပ် အထိနာမှုများရှိနေသည့်အခြေအနေတွင် ၎င်းတို့ဘက်မှ ပြည်သူများအပေါ် အကြမ်းဖက်မှုများ အဆုံးစွန် ပိုမိုလုပ်လာနိုင်ချေရှိပြီး တဖက်တွင်လည်း တော်လှန်ရေးအားဖြိုခွဲရန် တွေ့ဆုံဆွေးနွေးရေးများလည်း ကမ်းလှမ်းလာနိုင်သည့် အခြေအနေများ ဖြစ်ပေါ်လာနိုင်သည်ဟု မိမိတို့ မြန်မာ့အမျိုးသမီးသမဂ္ဂအနေဖြင့် လတ်တလောသုံးသပ်ပါသည်။